စိတ်ကူးချိုချိုအနုပညာ




# ကိုရွှေး

# သူငယ်ချင်းများ

mgyoe.com

mgyoe.com



ကျွန်တော်ရဲ့၊
ကျွန်တော့်အမှောင်ပြင်း များကြား
ပွင့်ကြီး မှုတွေပါတယ်
သိတဲ့ အတိုင်း လင်းပါစေ။

[signature]
10 03 18

POEM0039
1,800.00 KS

mgyoe.com

mgyoe.com

သူငယ်ချင်းများ။ ကိုရွှေ
မျက်နှာဖုံးပန်းချီ - မုတ်သုန်၊ အတွင်းသရုပ်ဖော် - မုတ်သုန်နှင့်ကိုရွှေ
စာမျက်နှာ ၁၀၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■


# သူငယ်ချင်းများ
# ကိုရွှေး

ပထမအကြိမ်၊ ၂၀၁၈


mgyoe.com

## ချစ်ယော်ဂျင်း (၈)

ချစ်ယော်ဂျင်း၏ ဝင်းမြင့်၏
ဘုရားပွဲ့တော်ကျောင်းမှာ
ဂူထဲ လက်ဖွာမပွင့်မှာကဲ သိုးမိတယ်။



mgyoe.com




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အနည်းငယ်သော နိဒါန်းစကား

[ ၁ ]

အခုတလော ကဗျာအတိုကလေးတွေ ခေတ်စားလာသည်။ တချို့က မီနီမယ်လစ်ဇင်း။ တချို့က ဟိုက္ကူအနွယ်တော်။ တချို့ကတော့ အတိုကိုပင် အမည်တစ်ခုတပ်ကာ၊ ကဗျာတိုအတွဲလေးတွေရေးသည်။ ရှေ့က အောင်ချိမ့်တို့၊ သုခမိန်လှိုင်တို့ ရေးလှပြီ။ ကျွန်တော်လည်း ရေးခဲ့သည်။ (၁) ရှုခင်းများ၊ (၂) သရုပ်ဆောင်သူ မိုနာလီဇာ။ ပိုင်မှ ကန္တာရမိုးစက်အထိ လူလတ် လူငယ်ကဗျာဆရာတွေလည်း ရေးကြသည်။ ကိုရွှေးလည်း ရေးသည်။ သူ့လူပျိုကြီးကဗျာအတွဲမှာ Fb ပေါ်တင်စဉ်ကတည်းက လူကြိုက်များခဲ့သည်။ အခု သူငယ်ချင်းများ။

[ ၂ ]

ကဗျာလောကတွင် သူ့ကို အလုံအတွဲ (မိုးဝေ၊ ဝင်းမြင့်၊ စိုင်းဝင်းမြင့်တို့) နှင့် ဆက်စပ်သိကြသည်။ လူချစ်လူခင်များသည်။ ရိုးသားကာ နူးညံ့ပျော့ပြောင်းသည်။ ပြုံးချိုသောမျက်နှာပိုင်ရှင် ဖြစ်

mgyoe.com

mgyoe.com



ကာ၊ ကိုရွှေး စိတ်ဆိုးဒေါသထွက်နေသည်ကို ကျွန်တော် တစ်ကြိမ် တစ်ခါမျှ မမြင်ဖူးခဲ့။ မနှစ်က သူ့ကဗျာ အမျိုးသားစာပေ (ကဗျာဆု) ရခဲ့ခြင်းမှာ ကဗျာသမိုင်းတွင် မော်ကွန်းတင်ရမည့်ကိစ္စ ဖြစ်သွားသည်။ အနှစ် ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် ခေတ်ပေါ်ကဗျာစာအုပ်တစ်အုပ် ဆုရခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ သူ့အတွက်ရော၊ ခေတ်ပေါ်ကဗျာ အတွက်ပါ ဝမ်းမြောက်ခဲ့ကြရသည်။

[၃]

နှစ်အတော်ကြာက 'သူငယ်ချင်း' အစချီ တိုင်တည်သောကဗျာများကို တက္ကသိုလ်မင်းမော်လည်း ရေးခဲ့ဖူးသည်။ သူ့ကဗျာတွေက နီတိဆန်သည်။ ဩဝါဒပေးနေသလို၊ ဆုံးမစကား ပြောနေသလို။

ကိုရွှေးကဗျာတွေက ရင်းနှီးနွေးထွေးသည်။ သူငယ်ချင်းများအား သူ့အတွေး သူ့ခံစားချက်များကို ရင်ဖွင့်ပြခြင်းဖြစ်သည်။ သူကတော့ လျှပ်ကူးသည်ဟုဆိုသည်။ သူ့ကဗျာ၏အသံကိုက ချစ်ခင်မှုကို အခြေခံထားသဖြင့် ချိုမြိန်ရှန်းစိုသော သစ်သီးတွေနှင့် တူနေသည်။ တချို့ကဗျာတွေမှာ သူနှင့်ရင်းနှီးသော ကဗျာလောကသားတွေကို (ဟိန်းမြတ်ဇော်၊ လူဆန်း၊ ဝင်းမြင့်၊ ခက်ထန်ပိုင်စိုး၊ ဝေးခေါင်၊ မိုးဝေ၊ ဇော်လူစိမ်း၊ ဆာသင်၊ မိုးကျော်သူ၊ မင်းထက်မောင် စသဖြင့်လည်းကောင်း) အမည်တပ်ခေါ်ကာ ရေးသည်။ သူက သူငယ်ချင်းဟုခေါ်သော်လည်း သူ့ညီလေး၊ ညီမလေးအရွယ်ဖြစ်သော မနော်ဟရီ၊ မိုးဒေဝါ၊ အံ့ဘွယ်ဇင်၊ A မွန်၊ သူရနီ စသည့် လူငယ်ကလေးတွေလည်းပါသည်။ သူက သူငယ်ချင်းဟု အမည်တပ်ခေါ်သည့်အထဲတွင် သူ့ဇနီး ခင်ထွေးရီ၊ ချာလီချက်ပလင်၊ နွေဦးကောင်းကင်၊

mgyoe.com

mgyoe.com



ပြေပြီလနှင့် အိပ်စက်ခြင်းနတ်သမီး ဆိုတာတွေပါ တွေ့ရသဖြင့်၊ သူ့ သူငယ်ချင်းဆိုသော အသုံးအနှုန်းသည် သူ့သူငယ်ချင်း တစ်စုကို သာမက၊ တစ်လောကလုံးရှိ အရာရာကိုရည်စူးကြောင်း သိသာနေ ပါသည်။

သူ့ကဗျာများသည် တိုသည်။ ရှင်းသည်။ သူ၏ စကားအရာ လိမ္မာမှုကို အလင်္ကာထက် ဦးစားပေးသည်။ ရိုးစင်းသည် ထင်ရ သော်လည်း လူ့အဖွဲ့အစည်း၌ ဖြစ်ပျက်သမျှအရာများကို လျှပ်တစ် ပြက် အတွေးကို အားပြုရေးဖွဲ့ထားသဖြင့်၊ ဒဿနသဘော၊ ဆင်ခြင်ခြင်းသဘောတွေ စိမ့်ဝင်ယိုစီးနေတာ တွေ့ရသည်။ ထို့ကြောင့် လေးနက်သော ကဗျာလေးတွေဖြစ်ကြောင်း၊ ကျွန်တော် လက်ခံမိပါသည်။

သစ္စာနီ

❐

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



## သူငယ်ချင်းများသို့

ဒီကဗျာတွေဟာ
ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းများကြားက
လျှပ်ကူးမှု ဖြစ်ပါတယ်
ဘာပဲဖြစ်ဖြစ်
ထိတဲ့သူတိုင်း လင်းပါစေ။




mgyoe.com


mgyoe.com

mgyoe.com

mgyoe.com

NO.

DATE / /



10 03 18

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## သူငယ်ချင်း ၁

ရာသီဥတုက တစ်ဖက်စွန်းရောက်နေပြီ
သူငယ်ချင်းတို့
အရိပ်ကို ရသလောက်ယူထားကြ။

mgyoe.com

mgyoe.com



## သူငယ်ချင်း ၂

အစစ အရာရာ
သတိထားသူငယ်ချင်း
ချုန်ပီယံဆိုတာ အလကားဖြစ်လာတာ မဟုတ်ဘူး။

mgyoe.com

mgyoe.com



## သူငယ်ချင်း ၃

သူငယ်ချင်း
မင်း စာတိုက်ပုံးလေးထဲ
ချစ်တဲ့စာ ဘယ်နှစောင်
မုန်းတဲ့စာ ဘယ်နှစောင်
ခြိမ်းခြောက်ခံရတဲ့စာ ဘယ်နှစောင်
ရောက်ပြီလဲ။

14 03 17

mgyoe.com

mgyoe.com


သူငယ်ချင်း ၄

အစစအရာရာ သတိရှိရမယ်
အချစ်က အရေးကြီးတယ်
အလုပ်က အရေးကြီးတယ်ဆိုတဲ့အရွယ်
သူငယ်ချင်း
ငါတို့ ဘယ်နေရာ ရောက်နေပြီလဲ။

14 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၅

အစစအရာရာ သတိရှိရမယ်
သူငယ်ချင်း
လျှေင်နဲ့ သေခြင်းတရားဟာ
ဘယ်တော့မှ ကြိုတင် အကြောင်းမကြားဘူး။




mgyoe.com

mgyoe.com



## သူငယ်ချင်း ၆

အစစအရာရာ သတိထားရမယ်
ရှိတော့ရှိတယ် မသိဘူး
သိတော့သိတယ် မရှိဘူး
ကဲ ဘာထူးမှာလဲ သူငယ်ချင်း။



mgyoe.com

mgyoe.com



## သူငယ်ချင်း ၇

ငါတို့ ဘာလာလုပ်တာလဲ
ငါတို့ ဘာလာရှုပ်တာလဲ
သူငယ်ချင်းရေ ဟိန်းမြတ်ဇော်ရေ
ငါတို့ ဘာလာလုပ်တာလဲ
လူ့ဘဝကို ငါတို့ဘာလာလုပ်တာလဲ။

17 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၈

သူငယ်ချင်းရေ ဝင်းမြင့်ရေ
ဘုရားပွင့်တဲ့ ကမ္ဘာမှာ
ရင်ထဲ ကဗျာမပွင့်မှာဘဲ စိုးမိတယ်။

22 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၉

သူငယ်ချင်းရေ ခက်ထန်ပိုင်စိုးရေ
တစ်နေ့တော့
ဗုဒ္ဓဟာ တကယ့်ငြိမ်းချမ်းရေးကို ရခဲ့တယ်
လောကကို ပြောင်းပြန်လှန်ပစ်လိုက်တဲ့နေ့ကပေါ့။




mgyoe.com

mgyoe.com



## သူငယ်ချင်း ၁၀

သူငယ်ချင်းရေ မိုးဝေးရေ
လူငယ် သိဒ္ဓတ္ထဟာ
လူတိုင်းတွေ့တဲ့ အို, နာ, သေ ကိုတွေ့ခဲ့တယ်
ပြီးတော့
လူတိုင်း မတွေ့တာကို သူ ထပ်တွေ့တယ်
အဲဒါက
အိုခြင်း နာခြင်း သေခြင်း ရှိရင်
မအိုခြင်း မနာခြင်း မသေခြင်းလည်း ရှိရမယ်တဲ့
ခုထိ
သူတွေ့တာကို လူတိုင်း မတွေ့နိုင်သေးဘူး။

23 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၁၁

သူငယ်ချင်းရေ လူဆန်းရေ
ဗုဒ္ဓလောင်းလျာဟာ
၆ နှစ်လုံးလုံး ဒုက္ကရစရိယ ကျင့်ခဲ့တယ်
ပြီးတော့
သူ တစ်ခုပဲသိခဲ့တယ်
အဲဒါ 'မှားနေတယ်' တဲ့။

23 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၁၂

သူငယ်ချင်းရေ ဟိန်းမြတ်ဇော်ရေ
ငါတို့ စဉ်းစားရမယ်
ပတ်လမ်းက ခရီးရှည်တယ်
ဖြတ်လမ်းက နေပူတယ်
ငါတို့ စဉ်းစားရမယ်။

27 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၁၃

သူငယ်ချင်းရေ
ညီလေးရေ အံ့ဘွယ်ဇင်ရေ
နွေနေဟာ အရည်ပျော်ချင်စရာ
ဇာဒ်ရွက်တွေကြားက မြင်ကွင်း
မလင်းဘူးကွာ
ဒါပေမဲ့
ဇာဒ်ပင်ပေါ် ငှက်ကလေးတစ်ကောင်
ဇာဒ်သီးလေးတစ်လုံး အစိမ်းရင့်ရင့်
တိမ်တိုက်ပြာပြာ
အို
တိတ်တိတ်ဆိတ်ဆိတ် လှလိုက်တာ။

28 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၁၄

သူငယ်ချင်းရေ
ညီလေးရေ အေမွှန်ရေ
ငါတို့အကြား လျှို့ဝှက်တံခါး မရှိ
တစ်ဝိုင်းတည်းထိုင်ပြီး
ငါးကြော်ကြီးမှာတာ
ဘာကြောင့် ငါ့ကို မတိုင်ပင်တာလဲကွာ။

28 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၁၅

သူငယ်ချင်းရေ ဒွေးလွင်ရေ
ငါတို့ အလိုလိုက်ခဲ့ကြတယ်
ချစ်သူကို အလိုလိုက်ခဲ့တယ်
ကိုယ့်ကိုယ်ကိုယ် အလိုလိုက်ခဲ့တယ်
ကိလေသာကို အလိုလိုက်ခဲ့ကြတယ်
ငါတို့အလို ပြည့်ခဲ့ပြီလား။

28 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၁၆

သူငယ်ချင်းရေ
ဘဝအဖော်ရေ မခင်ထွေးရီရေ
ငါတို့ သံလိုက်လို ဆွဲငင်ခဲ့ကြတယ်
ငါတို့ သံလိုက်လို တွန်းကန်ခဲ့ကြတယ်
ငါတို့
အရေပြားပေါ်မှာ စွဲမက်စရာရှာမရတော့
မေတ္တာတရားသက်သက်သာ
စံပယ်လိုဖွေး မွှေးနေတာပေါ့။

28 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၁၇

သူငယ်ချင်းရေ
ညီလေးရေ စိုင်းဝင်းမြင့်ရေ
တစ်ရေးနိုးတော့
မီးဖွင့်တယ် ရေထသောက်တယ်
ကွန်ပျူတာစားပွဲပေါ်
မကွဲမှန်လေးတစ်ချပ် ကျိုးနေတာတွေ့ရတယ်
ခြစ်ပြီးသား ငွေဖြည့်ကတ်လေး တွေ့ရတယ်
ပြန်အိပ်ဖို့ ကြိုးစားရဦးမယ်။

29 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၁၈

သူငယ်ချင်းရေ ကိုသိန်းအေးရေ
မျက်နှာမှာ အရေးအကြောင်းနဲ့
ခေါင်းပေါ်မှာ အလံဖြူနဲ့
ပျောက်ဆုံးသွားတဲ့ ပစ္စည်းတွေများနေပြီ
ပျော့တွဲလာတဲ့ အရေပြားထဲမှာ
ဟာသဉာဏ်လေးတွေ ရှိသေးလား။

29 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၁၉

သူငယ်ချင်းရေ စံညိမ်းဦးရေ
သံတံခါးမှာ
ဒဏ်ရာဟောင်းကြီးတစ်ခုရှိတယ်
အဲဒါ ၈၈ တုန်းက သေနတ်မှန်ထားတာတဲ့
ဒဏ်ရာမှာ သွေးစတွေ၊ နာမည်တွေအများကြီး
စီးကျနေတာတွေ့ရတယ် သူငယ်ချင်း။

15 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၂၀

သူငယ်ချင်းရေ
ညီမလေး မိုးဒေဝါရေ
ငါတို့ မမေ့ရဘူး
ငါတို့ဟာ ခဝါသည်တွေဆိုတာ မမေ့ရဘူး
ငါတို့ လျှော်ဖွပ်ရမယ်
ကြေးညှော်ကင်းအောင် လျှော်ဖွပ်ရမယ်
ဖြူဖွေးသန့်စင်အောင် လျှော်ဖွပ်ရမယ်
ငါတို့စိတ်ကို လျှော်ဖွပ်ရမယ် ညီမလေး။

30 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၂၁

သူငယ်ချင်းရေ
ချာလီချက်ပလင်ရေ
ကဗျာရေးရတာလည်း
နွားနို့ညှစ်ရသလိုပါပဲကွာ
ရေးတိုင်း ဘယ်ရပ့်ါမလဲ။

30 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၂၂

သူငယ်ချင်းရေ
ပြည့်ပြည့်ရေ ဝိုင်းဝိုင်းရေ
ဘာမှမမြင်ရလည်း
ရှေ့ကိုပဲလျှောက်ပါ
လမ်းလျှောက်သူအတွက် လမ်းဟာ အမြဲရှိပါတယ်။

mgyoe.com

mgyoe.com



## သူငယ်ချင်း ၂၃

သူငယ်ချင်းရေ အသွင်ရေ
ငါတို့စိုတော့ သူလည်းရွှဲတာပဲ
ငါတို့လဲတော့ သူပြေးထူတယ်
ငါတို့ပူတော့ သူကာတယ်
ငါတို့ဆန္ဒပင်လယ်ကို
သူ့တိမ်တိုက်တွေ ရွာချပေးနေတယ်
ငါတို့ညည်းပေမဲ့ သူမညည်းဘူး
သူက 'ပြည်သူနဲ့အတူ' တဲ့
တို့က 'သူနဲ့အတူပေါ့' သူငယ်ချင်း။

31 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၂၄

သူငယ်ချင်းရေ
မနော်ရေ မနော်ဟရီရေ
တံခါးခေါက်သံကြားလား
ကျွန်တော်တို့က စကားလုံးတွေပါ
အခြေခံ စကားလုံးတွေပါ
နေ့စဉ်သုံး စကားလုံးတွေပါ
နေ့စား စကားလုံးတွေပါ
ကဗျာဆိုက်မှာ အလုပ်ဆင်းချင်လို့ပါ။

31 03 17

mgyoe.com

mgyoe.com



## သူငယ်ချင်း ၂၅

သူငယ်ချင်းရေ
ပြေရေ
ငါ့လက်သန်းမှာ မင်ရည်စွန်းခဲ့ပါတယ်
နိုင်ငံတော်ကို ချစ်ရည်ရွှန်းလဲ့စေချင်တယ်။

mgyoe.com